ဒေသဆိုင်ရာစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေး၊
နည်းပညာဆိုင်ရာ အကူအညီပေးရေးအာရှပစိဖိတ်ဒေသအတွင်း
သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေနှင့်စပ်လျဉ်းပြီး စွမ်းဆောင်ရည် တိုးမြှင့်ခြင်း၊
ပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူများ တည်ဆောက်ပေးခြင်း
ဆရာမများအား လေ့ကျင့်သင်ကြားပေးရေး အစီအစဉ်
၂၀၁၈ ခုနှစ်၊ မတ်လ ၁၂ရက်မှ ၁၆ရက်အထိ
ရန်ကုန်၊ မြန်မာ

## ပါဝင်ဆောင်ရွက်သူများ၏ ကွင်းဆင်းလေ့လာရေးခရီးအကြောင်း အသိပေးခြင်းဆိုင်ရာ သဘောတူညီချက်၊ အန္တရာယ်ဖြစ်နိုင်ခြေနှင့် RELEASE FORMကို တာဝန်ယူလက်ခံခြင်း

အာရှဖွံ့ဖြိုးရေးဘဏ် (ADB)သည် ဆရာမများအား လေ့ကျင့်သင်တန်းပေးရေးအစီအစဉ်များ (“TTT Programs”)မှတဆင့် ပတ်ဝန်းကျင်ဆိုင်ရာဥပဒေအတွက် တက်ကြွလှုပ်ရှားသူများအား တည်ဆောက်ပေးခြင်းဖြင့် အာရှပစိဖိတ်ဒေသအတွင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေကို အားကောင်းခိုင်မာစေရန် ဒေသတွင်း နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှုပရောဂျက်ကို ခွင့်ပြုချက်ပေးခဲ့သည်။ ADBသည် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် ၂၀၁၈ မတ်လ ၁၂ - ၁၆အတွင်း ကျင်းပပြုလုပ်မည့် နိုင်ငံအတွင်း TTT ပရိုဂရမ်(“TTT Program #9”) တွင် ပါဝင်ဆောင်ရွက်ရန် မြန်မာမှ ဥပဒေရေးရာ ပါမောက္ခများနှင့် ဥပဒေရေးရာ စာပေပို့ချသူများ ကို ရွေးချယ်ထားသည်။ TTT Program #9ကို IUCN Academy of Environmental Law နှင့် ရန်ကုန်တက္ကသိုလ် ဥပဒေဌာနက ADBနှင့် တွဲဖက်၍ အကောင်အထည်ဖော်ဆောင်ရွက်သည်။

TTT #9 အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ADBနှင့် IUCN Academy of Environmental Lawသည် Asia world Portနှင့် ရန်ကုန်ဆိပ်ကမ်းသို့ မတ် လ၁၅ရက်နေ့၊ နေ့လည် ၁:၃၀ မှ ညနေ ၅:၄၅အထိ ကွင်းဆင်း လေ့လာရေးခရီးကို ဆောင်ရွက်ကျင်းပမည်ဖြစ်ကာ ကွင်းဆင်းလေ့လာရေးခရီးကို သင်ကြားရေးနည်းစနစ်တစ်ခုအဖြစ် သရုပ်ဖော်ပြသရန်နှင့် ပင်လယ်တွင်းသဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် စပ်လျဉ်းသော ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒနှင့် ဥပဒေရေးရာ အကြောင်းအရာများကို လေ့လာသင်ယူရန် ဖြစ်သည်။

ဤစာတမ်းတွင် ကွင်းဆင်းလေ့လာရေးခရီးအကြောင်း ဖော်ပြချက်ကို သတ်မှတ်ဖော်ပြထားပြီး အချို့တာဝန်ဝတ္တရားများ နှင့် ADB၊ IUCN Academy of Environmental Lawနှင့် ရန်ကုန်တက္ကသိုလ် ဥပဒေဌာနတို့နှင့် ဆက်စပ်နေသည့် ဥပဒေအရ တာဝန်ရှိမှုများအား စွန့်လွှတ်ခြင်းနှင့် ယင်းမှ လွတ်ငြိမ်းခြင်းဆိုင်ရာအကြောင်းအရာများပါဝင်သည့်

တရားဝင် အသိအမှတ်ပြုထောက်ခံချက်ကိုလည်း ဖော်ပြထားသည်။ လက်မှတ်မထိုးမီ ဤပုံစံဖောင်အား သေချာစွာ ဂရုတစိုက် ဖတ်ရှုပေးပါ။

၁။ ကျွန်တော်/ကျွန်မသည် အောက်တွင် အဆိုပြုတင်ပြထားသော ခရီးစဉ်အတိုင်း ကွင်းဆင်းလေ့လာရေးခရီးတွင် ပါဝင်ဆောင်ရွက်ပါမည်။

| | | |
|---|---|---|
| ၁.၀၀ – ၁.၃၀ | ကွင်းဆင်းလေ့လာရေးခရီးအကြောင်း တင်ပြဆွေးနွေးခြင်း:<br>• အချက်အလက်ရေးရာ ကိစ္စရပ်များကို ဖြန့်ဝေခြင်းနှင့် ရှင်းပြခြင်း<br>• အန္တရာယ်ကင်းရေး/လုံခြုံရေးဆိုင်ရာ အကျဉ်းချုပ် တင်ပြခြင်း<br>• ကွင်းဆင်းလေ့လာရေးခရီးနေရာအကြောင်း အကျဉ်းချုပ်တင်ပြခြင်း: ပတ်ဝန်းကျင်ဆိုင်ရာနှင့် ဥပဒေရေးရာ အကြောင်းကိစ္စများ | ဒေါ်ယဉ်ယဉ်ဝင်း<br>Rob Fowler<br>ဧည့်သည်တင်ပြဆွေးနွေးသူ (အကြံပြုရန်) |
| ၁.၃၀ – ၂.၀၀ | ကွင်းဆင်းလေ့လာရေးခရီးတည်နေရာသို့ ဘတ်စ်ကားဖြင့် သွားရောက်ခြင်း | |
| ၂.၀၀ - ၄.၃၀ | ကွင်းဆင်းလေ့လာရေးခရီးတွင် လှည့်လည်ကြည့်ရှုခြင်း | |
| ၄.၃၀ – ၄.၄၅ | ညစာသုံးဆောင်ရန်နေရာသို့ ဘတ်စ်ကားဖြင့် ထွက်ခွာခြင်း (ရေကန်ဘေးရှိ စားသောက်ဆိုင်ကို သတ်မှတ်ရန်) | |
| ၄.၄၅ - ၅.၄၅ | ပြန်လည်အစီရင်ခံခြင်းကဏ္ဍ (စားသောက်ဆိုင်တွင်)<br>• ဖြစ်ပေါ်လာသော ဥပဒေရေးရာနှင့် မူဝါဒရေးရာ ပြဿနာများကို ဆွေးနွေးခြင်း<br>• ဖြစ်ပေါ်ရသည့် အခြေခံအကြောင်းအချက်၊ ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များ၊ ဘေးကင်းလုံခြုံရေးဆိုင်ရာ အကြောင်းကိစ္စများနှင့် ပြန်လည်အစီရင်ခံခြင်းကို ဆောင်ရွက်ပုံနည်းလမ်း စသည်တို့အပါအဝင် ကွင်းဆင်းလေ့လာရေးခရီးအား သင်ကြားရေးနည်းစနစ်အဖြစ်အသုံးပြုခြင်းကို ဆွေးနွေးခြင်း | လေ့ကျင့်သင်တန်းပေးသူများအားလုံး + ဧည့်သည် တင်ပြဆွေးနွေးသူ |
| ၅.၄၅ – ၆.၀၀ | ခေတ္တအနားယူချိန် | |
| ၆.၀၀ – ၈.၀၀ | Course Dinner | |
| ၈.၀၀ – ၈.၁၅ | ဟိုတယ်သို့ ဘတ်စ်ကားဖြင့် ပြန်ခြင်း | |

၂။ အထက်တွင်ဖော်ပြထားသော ကွင်းဆင်းလေ့လာရေးခရီးအား ပါဝင်ဆောင်ရွက်ရာတွင် အချို့သော ဘေးအန္တရာယ်ဖြစ်နိုင်ခြေများ သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိနိုင်သော ဖြစ်နိုင်ခြေရှိကြောင်းကို နားလည်သဘောပေါက်ပါသည်။ အဆိုပါ အန္တရာယ်ဖြစ်နိုင်ခြေများဖြစ်ပေါ်နိုင်ကြောင်း ခံယူလက်ခံကာ ကျွန်ုပ်၏ ဘေးကင်းလုံခြုံမှုသည် အဓိက အားဖြင့် မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်ခြင်းနှင့် သတိပြုဂရုစိုက်ခြင်းတို့အပေါ်သာ မူတည်ကြောင်းကို သဘောတူညီပါသည်။

၃။ ADB ၊ IUCN Academy of Environmental Lawနှင့် ရန်ကုန်တက္ကသိုလ် ဥပဒေဌာနတို့သည် သယ်ယူပို့ဆောင်ရေးယာဉ် သို့မဟုတ် ကွင်းဆင်းလေ့လာရေးခရီးတွင် ပါဝင်သော ကုန်ပစ္စည်းများ (သို့)

ဝန်ဆောင်မှု များပေးသည့် အခြားပံ့ပိုးပေးအပ်သူများအား ကိုယ်စားမပြုပါ၊ သို့မဟုတ် ၎င်းတို့အတွက် အေးဂျင့်ကဲ့သို့ မဆောင်ရွက်ပါ၊ (သို့) ၎င်းတို့၏ ပြုမူဆောင်ရွက်ချက်များ (သို့မဟုတ်) အမှားအယွင်းများကို ထိန်းချုပ်နိုင်ခြင်း မရှိကြောင်းကို နားလည်သဘောပေါက်ပါသည်။ ADB ၊ IUCN Academy of Environmental Lawနှင့် ရန်ကုန်တက္ကသိုလ် ဥပဒေဌာနတို့သည် ၎င်းတို့၏ ထိန်းချုပ်နိုင်မှုထက် ကျော်လွန်သော ကိစ္စရပ်များအတွက် တာဝန်မရှိကြောင်းကို နားလည်သဘောပေါက်ပါသည်။

၄။ ADBသည် ကွင်းဆင်းလေ့လာရေးခရီးမတိုင်မီ ကြိုတင်၍ အန္တရာယ်ကင်းရေးနှင့် လုံခြုံရေးဆိုင်ရာ အကျဉ်းချုပ်တင်ပြမှုကို ဆောင်ရွက်မည်ဖြစ်ကာ ရန်ကုန်တက္ကသိုလ်၏ ဥပဒေဌာနသည် ကွင်းဆင်းလေ့လာရေးခရီးတလျှောက်တွင် ပါဝင်ဆောင်ရွက်သူများနှင့်အတူ ခရီးသွားလာရန် ရှေးဦးသူနာပြုစုနည်းကို လေ့ကျင့်သင်တန်းပေးထားပြီး ဖြစ်သူတစ်ဦးအား ထည့်သွင်းပေးမည်ဖြစ်ပါသည်။ သို့သော် မိမိ၏ ကိုယ်ရေးကိုယ်တာအရ ဆေးဝါးဆိုင်ရာ လိုအပ်ချက်များအတွက် မိမိကိုယ်တိုင်သာ တာဝန်ရှိကြောင်းကို သတိပြုနားလည်ပါသည်။ ဤကွင်းဆင်းလေ့လာရေးခရီးအတွင်း ကျွန်ုပ်၏ ပါဝင်ဆောင်ရွက်မှုကို တားမြစ်မှုဖြစ်စေမည့် ကျန်းမာရေးနှင့်ဆက်စပ်သော အကြောင်းပြချက်များ သို့မဟုတ် ပြဿနာများ မရှိပါ။

၅။ မတော်တဆမှု/ ကျန်းမာရေး/ ခရီးသွားအာမခံသည် ကျွန်ုပ်၏ တာဝန်ဝတ္တရားဖြစ်ကြောင်း နားလည်သဘောပေါက်ကာ ကျွန်ုပ်သည် ကွင်းဆင်းလေ့လာရေးခရီးအတွင်း ကျွန်ုပ်ပါဝင်ဆောင်ရွက်စဉ် ဖြစ်ပေါ်သည့် အားလုံးသော လိုအပ်ချက်များ သို့မဟုတ် အားလုံးသော ဆေးဘက်ဆိုင်ရာကုန်ကျစရိတ်များအားပေးချေမှု နှင့် မည်သည့်လိုအပ်ချက်မဆိုနှင့် မည်သည့် ဆေးဘက်ဆိုင်ရာ ကုန်ကျစရိတ်များအား ပေးချေမှုမဆိုကို ဖြည့်ဆည်းပေးနိုင်သော ကျန်းမာရေး အာမခံ၏ လွှမ်းခြုံမှုအောက်တွင် ရှိကြောင်း အတည်ပြုပါသည်။ ADB ၊ IUCN Academy of Environmental Lawနှင့် ရန်ကုန်တက္ကသိုလ် ဥပဒေဌာနတို့သည် ကျွန်ုပ်၏ မည်သည့် ဆေးဘက်ဆိုင်ရာ သို့မဟုတ် ဆေးဝါးဆိုင်ရာ လိုအပ်ချက်များမဆိုကို ဖြည့်ဆည်းပေးရမည့် တာဝန်မရှိ ကြောင်း အသိအမှတ်ပြုနားလည်ပြီး ထို့ကြောင့် အန္တရာယ်ဖြစ်နိုင်ခြေများအားလုံးနှင့် တာဝန်ဝတ္တရားအားလုံးကို ကျွန်ုပ်က တာဝန်ခံပါသည်။ ကွင်းဆင်းလေ့လာရေးခရီးအတွင်း ဆေးဘက်ဆိုင်ရာ ကုသမှု သို့မဟုတ် ဆေးရုံတက် ကုသမှုကို လိုအပ်လာလျှင် ယင်း ကုသမှု သို့မဟုတ် စောင့်ရှောက်မှု၏ ကုန်ကျစရိတ် သို့မဟုတ် အရည်အသွေးအတွက် ADB ၊ IUCN Academy of Environmental Lawနှင့် ရန်ကုန်တက္ကသိုလ် ဥပဒေဌာနတို့ထံတွင် တာဝန်မရှိပါ။

၆။ TTT Program #9 မတိုင်မီ ကြို၍ ကျွန်ုပ်၏ ခရီးသွားအာမခံကို ရရှိသေချာစေရန်အတွက် ကျွန်ုပ်ထံတွင် တာဝန်ရှိကြောင်း သဘောတူညီပါသည်။

၇။ ဆေးဘက်ဆိုင်ရာ အရေးပေါ်အခြေအနေအတွက် ADBနှင့် IUCN Academy of Environmental Law အနေဖြင့် အောက်ပါပုဂ္ဂိုလ်ထံ ဆက်သွယ်ခွင့်ပြုပါသည်:

အမည်

တော်စပ်ပုံ

ဖုန်း

အီးမေးလ်

၈။ ထိခိုက်ဒဏ်ရာရမှု၏ အန္တရာယ်ဖြစ်နိုင်ခြေကို လျှော့ချနိုင်မည့် မည်သည့် စည်းမျဉ်းများနှင့် ကျင့်ထုံးများကို မဆို လေ့လာမှတ်သားရန် သဘောတူညီကာ ကွင်းဆင်းလေ့လာရေးခရီးအား လုံခြုံစိတ်ချရမှုရှိစွာ ဆက်လက် ဆောင်ရွက်နိုင်သည်ဟု ယုံကြည်မှုမရှိလျှင် ယင်းကို ရပ်ဆိုင်းကာ ပံ့ပိုးကူညီမှုအတွက် တောင်းဆို ခေါ်ယူ မည်ဟု သဘောတူညီပါသည်။ ကျွန်ုပ်၏ ပုဂ္ဂိုလ်ရေးရာ ကျန်းမာကြံ့ခိုင်မှုအဆင့်ကို ထင်ဟပ်စေရန် ကျွန်ုပ်၏ ပါဝင် ဆောင်ရွက်မှုကို ကန့်သတ်ထားရှိရန် သဘောတူညီပါသည်။

၉။ "အာရှဖွံ့ဖြိုးရေးဘဏ်က ရေးဆွဲတည်ဆောက်သော သဘောတူညီချက်"အောက်တွင် ADBသည် ဥပဒေရေး ရာ လုပ်ငန်းစဉ် အများစုမှ လွတ်ကင်းကာ ADBက ယင်းကင်းလွတ်မှုကို စွန့်လွှတ်သောအချိန်မှလွဲ၍ ADB၏ အုပ်ချုပ်ရေးမှ ပုဂ္ဂိုလ်များ၊ ဒါရိုက်တာများ၊ ယင်းနှင့်အလားတူ ရာထူးရှိသူများ၊ အရာရှိများ နှင့် ဝန်ထမ်းများ၊ ADBအတွက် လုပ်ငန်းမစ်ရှင် ဆောင်ရွက်ပေးနေသော ကျွမ်းကျင် ပညာရှင်များ အားလုံးသည် ၎င်းတို့၏ တရားဝင် စွမ်းဆောင်နိုင်ခွင့်အတွင်း ၎င်းတို့က ဆောင်ရွက်သော လုပ်ဆောင်ချက်များနှင့် သက်ဆိုင်သည့် ဥပဒေရေးရာ လုပ်ငန်းစဉ်မှ လွတ်ကင်းရမည်ဖြစ်ကြောင်းကို သတိပြုနားလည်ပါသည်။ "အာရှဖွံ့ဖြိုးရေးဘဏ်က ရေးဆွဲ တည်ဆောက်သော သဘောတူညီချက်"အောက်ရှိ ဤစာရွက်စာတမ်းပါ အချက်များကို ADB၏ အထူးအခွင့်အရေး သို့မဟုတ် လွတ်ကင်းမှုအလို့ငှာ ထပ်မံပြင်ဆင်ခြင်း (သို့) ငြင်းဆိုခြင်းတို့အတွက် ခွင့်ပြုပေးသည့် စွန့်လွှတ်မှု သဘောတူညီချက်အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုခြင်း မရှိစေရ။

၁၀။ သို့သော်လည်း ကွင်းဆင်းလေ့လာရေးခရီးနှင့် ဆက်စပ်သော မည်သည့် စည်းမျဉ်းများ၊ စံညွှန်းများနှင့် ညွှန် ကြားချက်များမဆိုကို ကျွန်ုပ်အနေနှင့် လိုက်နာဆောင်ရွက်နိုင်မှု မရှိခြင်းကြောင့် ဖြစ်ပေါ်လာသော တောင်းဆိုချက်များ အားလုံးကို ADB ၊ IUCN Academy of Environmental Lawနှင့် ရန်ကုန်တက္ကသိုလ် ဥပဒေဌာနနှင့် ၎င်းတို့၏ ဝန်ထမ်းများ သို့မဟုတ် အေးဂျင့်များက ရင်ဆိုင်ဆောင်ရွက်ရစေခြင်းအား စွန့်လွှတ်ကာ ယင်းမှလွတ်ငြိမ်းစေရန် ခွင့်ပြုပါသည်။

အမည် ________________________________________

လက်မှတ် ________________________________________

နေ့စွဲ ____________________